## မာတိကာ


**မြန်မာပြန်သူ အမှာ**
၄-၃
**ပါဝဲနှင့် ရွှာဇကော့စ်**
၁၁-၂၇
**ဆက်ဒမ်၏ တင့်ကားများ**
၂၉-၄၀
**ဆုံးဖြတ်ချက်မကျသော အစည်းအဝေး**
၄၁-၅၄
**တန်ပြန် ပြင်ဆင်မှုများ**
၅၅-၆၇
**ကန့်လန့်ကာနောက်ကွယ်မှာ**
၆၉-၇၉
**တိုက်မည်လော၊ ဆုတ်မည်လော**
၈၁-၉၁
**ဆက်ဒမ်၏ စိတ်နေစိတ်ထား**
၉၃-၁၀၁
**တစ်ဆယ်-သုည-နှစ်**
၁၀၃-၁၁၂
**သံတမန်လမ်းခင်းမှုများ**
၁၁၃-၁၂၅
**အမေရိကန် ဘာလုပ်မလဲ**
၁၂၇-၁၃၆
**သံတမန်အောင်ပွဲ**
၁၃၇-၁၄၆
**လေတပ်ဦးစီးချုပ်ကို ဖယ်ရှားခြင်း**
၁၄၇-၁၅၄
**သမ္မတနှင့် စစ်ဦးစီးချုပ် ဥက္ကဋ္ဌတို့၏ အကွဲ**
၁၅၅-၁၆၃
**အကျွရာစဉ်အညွှန်း**
၁၆၅-၁၆၉


## အမှာ

သတင်းစာ အတတ်ပညာနှင့် သမိုင်းဗေဒသည် တစ်ခုနှင့် တစ်ခု မတူ။ ထို့ကြောင့် သတင်းစာဆရာနှင့် သမိုင်းဆရာတို့သည်လည်း မတူကြ။ သတင်းစာအတတ်သည် နေ့စဉ်ဖြစ်ပျက်နေသော အဖြစ်အပျက်ကို ဖော်ပြရုံသာ ဖြစ်သည်။ မှတ်တမ်းတင်ပေးရုံသာ ဖြစ်သည်။ သို့ရာတွင် ဘာကြောင့်၊ ဘယ်လို ဖြစ်သည် ဆိုသည့် အချက်ကိုမူ သမိုင်းဗေဒကသာလျှင် ရှင်းလင်း ဖွင့်ဆိုသည်။ ယခု ဆောင်းပါးသည် သတင်းစာ အတတ်ပညာနှင့် သမိုင်းဗေဒကို ပေါင်းထားသည့် ဆောင်းပါးတစ်ပုဒ် ဖြစ်သည်။ သတင်းစာဆရာက ယနေ့ ဖြစ်ပျက်နေသော အခြေအနေကို ပြောပြသွားပြီး သမိုင်းဆရာက ထိုအဖြစ်အပျက်များ မည်သို့မည်ပုံ ဖြစ်လာကြောင်းကို ခြေရာကောက်ပြသည်။ သို့ရာတွင် သူခြေရာကောက်ပြသည့် အတိတ်သမိုင်းကြောင်းသည် ပင့်ကူမျှင်တို့ ရစ်ဖွဲ့နေသည့် မှုန်ရီသော အတိတ်သမိုင်း မဟုတ်ပါ။ စိမ်းစို လတ်ဆတ်နေသော မျက်မှောက်ခေတ် သမိုင်းသာ ဖြစ်ပါသည်။

ယခု ဆောင်းပါးကိုရေးသူ အမေရိကန် သတင်းစာဆရာ ဘော့ဝုဒ်ဝါ့ဒ်သည် ဝါရှင်တန်ပို့စ် သတင်းစာကြီး၏ အယ်ဒီတာတစ်ဦးဖြစ်ပြီး နာမည်ကျော်စာအုပ်များကို ရေးခဲ့သည့် သတင်းစာဆရာတစ်ဦး ဖြစ်သည်။ သူ၏ ထင်ရှားသော စာအုပ်များမှာ **စီအိုင်အေ၏ လျှို့ဝှက်စစ်ပွဲများ ၁၉၈၁-၈၇၊ နောက်ဆုံးနေ့များနှင့် သမ္မတ၏ လူများ** ဆိုသည့် စာအုပ်များ ဖြစ်သည်။ ယင်းတို့အနက် နှစ်အုပ်မှာ သတင်းစာဆရာ ကားလ်ဘန်းစတိန်းနှင့် တွဲရေးခဲ့ပြီး **သမ္မတ၏ လူများ** စာအုပ်မှာ ပူလစ်ဇာဆုကို ရရှိခဲ့သည်။



ယခု စာအုပ်မှာ ပင်လယ်ကွေ့စစ်ပွဲ မတိုင်မီ အမေရိကန် နိုင်ငံခြားရေးနှင့် စစ်ရေး ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့သူ အထက်တန်းအရာရှိများ၊ အကြားသဘောထား ကွဲလွဲမှုများ။ ပဋိပက္ခများ။ နောက်ခံ အဖြစ်အပျက်များကို ဖော်ပြထားသည်။ ဤစာအုပ်ကို ရေးရာတွင် ဝုဒ်ဝါ့ဒ်သည် ထိုဆုံးဖြတ်ချက်များကို ချမှတ်ခဲ့သူများနှင့် အကြိမ်ပေါင်းများစွာ တွေ့ဆုံမေးမြန်းခဲ့သည်။ လပေါင်း ၂၇ လအတွင်းတွင် အိမ်ဖြူတော်နှင့် ပင်တဂွန်စစ်ဌာနချုပ်မှ အရာရှိကြီးပေါင်း ၄၀၀ ကျော်တို့ကို တွေ့ဆုံ မေးမြန်းခဲ့သည်၊ အချို့မှာ တိုက်ရိုက်ပြောဆိုသော စကားများကို ထုတ်နုတ်ကိုးကားထားခြင်း ဖြစ်ပြီး စကားလုံး အတိအကျ မရနိုင်သည့်အခါများတွင် ကောက်နုတ်ချက်များကို တိုက်ရိုက်မသုံးဘဲ သူ့စကားဖြင့် ပြန်ရေးထားသည်။ ယင်းသို့ ခွဲခြားရေးပြခြင်းကြောင့်ပင်လျှင် တာဝန်ရှိသော သတင်းစာဆရာ တစ်ဦးဖြစ်ကြောင်းကို သိသာနိုင်သည်။

ပင်လယ်ကွေ့စစ်ပွဲအကြောင်းကို ရေးသည့် စာအုပ်များ ပေါ်ထွက်ခဲ့ပြီး ဖြစ်သော်လည်း ဝုဒ်ဝါ့ဒ်၏ စာအုပ်လောက် အချက်အလက် ပြည့်စုံခြင်းမရှိ။ ယခု စာအုပ်မှာ ပင်လယ်ကွေ့စစ်ပွဲနှင့် ပတ်သက်၍ ကန့်လန့်ကာနောက်မှ အဖြစ်အပျက်များကို ရေးပြသဖြင့် နောက်ကွယ်က အဖြစ်အပျက်များကို ကျွန်တော်တို့ တွေ့နိုင်သည်။

ဝုဒ်ဝါ့ဒ်သည် ကန့်လန့်ကာကို ဆွဲဖွင့် ပြလိုက်လေပြီ။

**မြန်မာပြန်သူ**